ကာတွန်း

# ကိုရွှေထူး [ပြည်]

## အရပ်ထဲ နတ်ပွဲကရာဝယ်




မြင်ပုံက အဝေးကိုညွှန်းတယ်... ကိုမောင်တင့်တို့လမ်းထိပ်
ရပ်ကွက်လယ်မှာ ဘယ်လိုကဘယ်လိုရောက်လာမှန်းမသိတဲ့ သစ်သား
နတ်ရုပ်ထုကြီးက အစပြုတယ်လို့ ဆိုရလိမ့်မယ်...အဲ့ဒီကိုစွန့်ပစ်သွားကြပြီး
အတော်ဦးနှောက်ခြောက်နေရသူက ဘယ်သူရှိဦးမှာလဲ... ကျုပ်တို့ရဲ့
ကိုမောင်တင့်ကြီးပေါ့ဗျာ...
ရုပ်ထုပြစ်နေတာ တောင် လက်ညှိုးထိုး ခိုင်းချင်ပုံရတယ် ဗျိုး...


မနက်စောစော အိမ်ရှေ့ဆီက ဆူညံဆူညံ အသံတွေကြောင့် ကိုဝမောင်းတင်း အိပ်ရာက ထ,ဖြစ်ခဲ့ရတယ်...
မိချို.. အိမ်ရှေ့မှာ ဘယ်သူတွေ ဘာဖြစ် နေကြတာလဲ ဟ..
စောစောစီး မိုး ဇာတ်လမ်း စ,ပြီ..
ဘယ် သိမလဲ.. သိချင်ရင် ထွက်ကြည့်ပါလား..
ဒါတော့ နင်ပြော မှလား..
ဒီမိန်းမတော့ကွာ.. စောစော စီးစီး လုပ်လိုက်ရ နာတော့မယ် ငါ့ကိုများ
အိမ်ရှေ့မှာ မောင်ဆိန့်တို့အဖွဲ့ ကိုတွေ့လိုက်တယ်ဆို ရင်ပဲ..
ဘာဖြစ်နေကြတာ လဲကွ... ဟေ...
ဟို.. ဟိုလမ်းထိပ်မှာ.....
၂


ဘာကြီးမှန်းမသိဘူး…
ဦးတင့် လိုက်ခဲ့မှဖြစ်မှာ…
ဟေ.. အေး.. ငါ လိုက်.. လိုက်..
အဲ့.. နေဦး ကွ…ဟ.. နေဦး..
ဘာမှန်းညာမှန်းမသိရဘဲ ရမ်းပြီး
လိုက်ရအောင်.. မတော် နိုင့်ကြီးတော်
ကြီးဖြစ်နေရင် ဘယ့်နှယ်လုပ်
မလဲ.. လုပ်ပေါက်က..
ကျွန်တော့်ကြီးတော်ကြီးမဟုတ်
တာတော့ သေချာတယ်.. ဂုံနီအိတ်
နဲ့ထုပ်ထားတဲ့ အထုပ်ကြီးဗျ..
ဘာထုပ်ကြီးမှန်းမသိ
ဘူး.. အပြင်က စမ်းကြည့်
တော့ မာတာတာ ပဲ…
အေး.. ကောင်းပြီ
ဒါဆို.. ငါလိုက်ခဲ့မယ်..
၃



ဟင်..
ကိုမောင်တင့်ကိုယ်တိုင် ဂျိန်းဖိုက်ကို စမြှောက်လိုက်တယ် ဆိုရင်ပဲ..
ဟာ..နတ်ရုပ် ကြီးဟ...
ဆေးရောင်တွေပျက်ပြယ်စပြုနေတဲ့ သစ်သားနတ်ရုပ်ထုကြီးဖြစ်နေပါလေ ရော..
ဘာလဲ... မနိုင်ဘူးလား မှုန်းစမ်း
ရော.. ဦးတင့်
ဦးတင့်..ဦးတင့် ခဏလေး..ဒီကို လာပါဦး..အိ..
ဟားဟား..ဦးတင့်ပုံကသူ့မှာတကယ် မိတာ..အကယ်ဒမီဆုရှင်ရုပ်ထု ပိုက်ထားတဲ့အတိုင်းပဲ... ဟားဟား
ငါ..နော်..
(၄)


အရေးထဲ ဒင်းက တစ်မျှောင့်.. ဒီမယ်..ငါပြောတာနားထောင်ကြ စမ်း...ဒီ နတ်ရုပ်ထုနဲ့ ပတ်သက် လို့......
ဒီနေရာကိုရောက်လာရခြင်းအ ကြောင်းရင်းကို စမ်းစစ်လိုက်ရင်... သူ့ဘာလိုလို ကြွလာတာနဲ့ လမ်း ချော်လာတာ မဖြစ်နိုင်ဘူး
တစ်စုံ တစ်ယောက်ကခိုးချောင်ခိုးဝှက် နဲ့သယ်လာတာ ဖြစ်ရမယ်...အဲ..နောက်တစ် ချက်က..တို့နိုင်ငံကရှေးဟောင်းရုပ်ထုတွေ ကို တခြားနိုင်ငံတွေကိုမှောင်ခိုထုတ်တဲ့ ဂိုဏ်းဂဏ တွေရှိနေတယ်ဆိုတာ
သတင်းစာ.စာစောင်တွေထဲမှာ ဖတ်မိကြမှာပေါ့..ဒီရုပ်ထုကြီးကို မသမာသူတွေကခိုးထုတ် ဖို့........
အကြံအစည်ရှိပုံရတယ်..အဲ... တာဝန်သိ ပြည်သူ့ရဲတွေနဲ့ပက် ပင်းတိုးပြီး အဲဒီလူတွေ ကိုယ်လွတ် ရုန်းပြေးကြတာဖြစ်နိုင်တယ်
၅


ဟား…ဖြစ်နိုင်တာပေါ့..အဲဒီအထုပ်ကြီး ကို ကျွန်တော်ကိုယ်တိုင် ဟိုခြုံကြွယ် မှာတွေ့တာ....
အော်..မလစ်ဘာလို့ ဖွက်ပစ်ခဲ့တဲ့သကော လေ့...
အခွင့်သာတာနဲ့ ဒီသူခိုးတွေ ဒီနေရာပြန် လာပြီး သူတို့ပစ္စည်းကို ရှာကြမှာပဲ..မျက်ခြေ မပြတ်စောင့်ကြည့်ပြီး အကွက်ဝင်တာနဲ့ ကွိ ခနဲ ဖမ်းလိုက်ရုံပဲ.. ဟဲဟဲ..
ကဲကဲ..ငါ သက်ဆိုင်ရာကို အကြောင်းကြားဖို့ စီစဉ်လိုက်ဦး မယ်..မောင်ခိန်နဲ့ အောင်ကြီး မင်းတို့ နှစ်ယောက်က....
တယ်..တယ်..လေးလေး ပြေတိုးပတ်...လေးလေး...လေး..
လမူနဲ့တဲ့နယ်..လမျှော်ပေ တဲ့နယ်..


ဟေ့ကောင်တွေ..ဒါ..ဒါက ဘာဖြစ်သွားတာလဲ.. ငါ.. ငါ..နော်...
ဗျာ..
ဟို..ဟိုလေ.. ဦးတင့်ပဲ..မောင်ဗိုန် နဲ့အောင်ကြီး..မင်းတို့နှစ်ယောက် က..ဆိုလိုလည်းက,ရှဘေးတယ် ခု..တစ်မျိုးဖြစ်ပြန်ပြီ..
အေးလေ...
အေး..ငါ့စကားကိုလည်းဆုံးအောင် သည်းခံပြီးနားထောင်ပေးကြပါဦး..ဒီကွပါပဲ.. မောင်ဗိုန်နဲ့အောင်ကြီးတို့နှစ်ယောက်က နတ် ရုပ်ထုကို လောလောဆယ်မျှော်ရုံကိုသယ်သွား အဲဒီမှာသိမ်းထားဖို့ပြောမလို့ဟာကို ရှူးသလိုပေါ်သလိုနဲ့...သွားကြ..
ကိုမောင်တင့်ခေါင်းထဲမှာတော့ အတွေးစ,လေးတွေကနေရာ ယူထားခဲ့..
ဗျာ့.ပေါင်းပသွည်း ဖျောင်ခိုးဂိုဏ်းကိုဖော် ထုတ်ဖို့အခွင့်အရေး ပဲ..


တွေ့ကြသေးတာပေါ့ကွ..တို့နိုင်ငံရဲ့ ရှေးဟောင်းအမွေအနှစ်တွေကို မသမာတဲ့နည်းနဲ့ ဖျက်ဆီးပစ်ချင်တဲ့ ဝိသမကောင်တွေ..ငါနဲ့ တွေ့မယ်ကွ..ဟင်းဟင်း
အဲဒီနေ့ကစပြီး ကိုမောင်တင့်ဦးစီးတဲ့ ရပ်ကွက်ထဲက တက်ကြွတဲ့လူငယ် ဆောင်ခိန်တို့အဖွဲ့နဲ့ အတူ နတ်ရုပ်ကြီး စတွေ့ခဲ့တဲ့နေရာတဝိုက်မှာ မျက်ခြေမပြတ်စောင့်ကြပ်ရပြီပေါ့...
အခြေအနေထူးရင် သတင်းပို့ဖို့ မနှောင့်နှေးစေနဲ့..ကြားလား
ဟုတ်
တစ်ရက်..နှစ်ရက်..သုံးရက်မြောက်နေ့ထိ မထူးခြား..လေးရက်မြောက်တော့
အဲဒီခြုံပုတ်ထဲ ခွေးတစ်ကောင် ဝင်သွား..နောက်ကခြေရာခံပြီး အလိုက်....
အနံ့ခံခွေးနဲ့ ပစ္စည်းလိုက်ရှာတာနေမှာပေါ့...
ခွေးက ပြန်လိုက်ဆွဲ..ထွက်ပြေး..ချော်လဲ..ဒူးပြဲ..နဖူးကွဲ ဒေါက်တာစိန်းညွှန့်ဆီပို့..ဆေးဖိုးကနှစ်ရာ..ဝါးခကသုံးရာ..အားလုံးပေါင်း အကြွေးငါးရာတင်..
'အက်ခစ်' နောက်ထွက်မယ့် စီးရီးလင်တယ်


ဒီ..ဒီနေ့..ဘယ်သူ့ကိုသွားလိုက်ခဲ့ လို့လဲ ဟ...
တက်ကြွတဲ့လူငယ် အောင်ကြီးကိုပါ...
အေးလေ..ဘာပဲဖြစ်ဖြစ်ကိုယ်က ခိုင်းမိလေတော့..ကိုယ့်တာဝန်ပေါ့ ရော့..ငါးရာယူသွား...အစုံမပေး ခနနဲ့လိုမှ..ကြားလား...
ဟုတ်...
အရိပ်အယောင်တောင် မတွေ့ရဘူး...ဟူး...
ကိုမောင်တင့်ကတော့ မသင်္ကာ ဖွယ်ရာ စနစ်ရာမှန်သမျှ ရေ့ စဉ်နဲ့အမျှ ရောက်နေကျ
အိုလိုနဲ့ ငါးရက်မြောက်တဲ့နေ့ မှာတော့..
ဟား ဦးမောင်တင့် ရုံးကပြန်လာပြီလား
အေး ဟုတ်တယ် အောင်ကြီး...
မင်း ဒကာ်ရာ သက်သာရဲ့လား ဘယ့်နှယ်နေသေးလဲ...
ပျောက်သလောက် ရှိနေပြီ ဦးမောင်တင့် ရဲ့..ခုဟဲ..


ဦးအောင်တင့် အောင်ခိုင်နဲ့လူကြုံ ပေး
လိုက်တဲ့ အာရိယမန်းအေးကို လိမ်းလည်း
လိမ်းတယ်.. ဖောက်လည်း ဖောက်တယ်
ကျေးဇူးပဲ ဦးအောင်တင့် ရာ...
အာရိယမန်းအေးကို ငါပေး
လိုက်တာမဟုတ်ဘူး..ငါပေးလိုက်
တာ ငါးရာတန်တစ်ရွက်....
ဒေါက်တာစိန်းသွန်းနဲ့ပြတာ ဆေးဖိုး
ငါးရာကျတယ်ဆိုပြီး ဒီကောင်
ကိုယ်တိုင် လာတောင်းလို့ပေး
လိုက်တာ..
ဟင်.. ဖြောင့်လိမ်
တဲ့ အောင်ခိုင်တော့
လူလည်ကျပြီ..
ငါ့မှာတော့ တက်ကြွတဲ့လူငယ်
အောင်ခိုင်ဆိုပြီး မနက်တိုင်း လက်ဖက်
ရည်တိုက်ရ.. ကွမ်းဝယ်ကျွေးရ
နဲ့.. ခု.. ဒီကောင်လုပ်ပုံက....
တက်ကြွတဲ့ လူလည်အောင်ခိုင်
ဖြစ်နေပြီ.. တော်ပြီ.. ဒီနေ့ကစ
ပြီး ဘယ်ကောင်မှ ငါ့ဆီလာစ
ရာမလိုဘူး.. အောင်ခိုင်ကို
လည်း ပြောလိုက်..ကြားလား


ကိုအောင်တင့်ရဲ့ဒေါသက မောင်ဖိုးနဲ့အပေါ်ပေါက်ကွဲထွက်ရတဲ့အဖြစ်မျိုး
ရောက်ရပါတော့လား...
ဒီကောင်ခက်တဲ့မောင်ဖိုး...
ဘာတက်ကြွတာလဲ.. ဘူးမြင်ကာနဲ့
ငါ့အိတ်ကပ်ထဲကပိုက်ဆံတွေကတော့
'ကုန်ပေါက်' 'ကုန်ပေါက်' ဆိုပြီး
ကြွကြွတက်နေတာအမှန်ပဲ
တောက်...
တစ်ယောက်တည်းလျှောက်
လာမိတဲ့ ကိုအောင်တင့်
လမ်းထိပ်က ခြုံပုတ်နား
အရောက်မှာ....
ဟင်.. ခြုံပေါ်မှာ
မသင်္ကာစရာလူ
တစ်ယောက်...
သတ္တိရှိရှိနဲ့ ခြုံပုတ်အပေါ်ကို
သွားကြည့်မိတယ်ဆိုရင်ပဲ...
ဟုတ်ပါပြီ.. ဈေးဟောင်း
ပစ္စည်းမှောင်ခိုဂိုဏ်းကကောင်
နတ်ရုပ်ထုဖွက်ထားတဲ့နေရာ
လာရှာတာပဲဖြစ်ရမယ်..
ဟိတ်.. ခုထွက်ခဲ့စမ်း...
ခြုံပုတ်ထဲဝင်ပြီးကုပ်နေ
တယ်ဆိုတာ ငါသိတယ်..
ဟင်း ဟင်း...